ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၂၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| **စဉ်** | **ရာထူး/လစာနှုန်း** | **ရာထူးနေရာ** | **အနိမ့်ဆုံးပညာအရည်အချင်း** |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| ( ခ) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၄)နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| ( ဂ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၆)နေရာ | ဘွဲ့တစ်ခုခုရရှိသူ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ) ၂၀၂၄ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်မကျော်လွန်သူဖြစ်ပြီး၊ လက်ရှိဌာန၏ခွင့်ပြုချက်မူရင်းပါရှိရမည်၊ အမျိုးသားများ၊မဟာဘွဲ့ရရှိသူများကို အသက်ကန့်သတ်ချက်အား ဖြေလျှော့ပေးမည်၊

( ဂ) စာပိုဒ်(၁)(ခ)နှင့်(ဂ)ပါ ရာထူးနေရာများအတွက် ဘာသာရပ်ဆိုင်ရာဘွဲ့ရရှိသူများနှင့် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူများကို ဦးစားပေးမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( င) ဌာနတွင်အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်၊

( စ) ရွေးချယ်ခန့်အပ်ခြင်းခံရပါကနေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်၊

(ဆ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှလျှောက်ထားသူများသည်သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊

( ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ် (Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) အမည်၊

( ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

( ဂ) မွေးသက္ကရာဇ်၊အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

( င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း၊တက္ကသိုလ်၊

( စ) လျှောက်ထားလိုသည့်ရာထူး၊

(ဆ) မိဘအမည် ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်၊

( ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊

( ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊

(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ဖုန်းနံပါတ်နှင့် E-mail ။

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ ရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

( ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ( မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

( ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်မူရင်း၊

( င) သက်ဆိုင်ရာရဲစခန်းမှ(၁)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

(စ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဆ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊

(ဇ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသောအထောက်အထားမိတ္တူများ၊

(ဈ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ(၁)လအတွင်း ရယူထားသော ကျန်းမာကြောင်းဆေးထောက်ခံချက်မူရင်း၊

(ည) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း www.mge.gov.mm တွင် ရယူနိုင်ပြီး လျှောက်လွှာများကို **" ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ရာဇသင်္ဂဟလမ်း၊ သပြေကုန်းအပိုင်းအနီး၊ နေပြည်တော်"**ဟု လိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) mgdmnnaypyitaw@gmail.com သို့ (၃၀.၈.၂၀၂၄) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၇။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ www.mge.gov.mmနှင့် ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်မေးခွန်းများကို(၂၁.၉.၂၀၂၄)ရက်နေ့၊ နံနက်(၀၉:၀၀)နာရီမှ နေ့လယ်(၁၄:၃၀)နာရီထိ ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲအောင်မြင်သူကိုသာ လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၉.၉.၂၀၂၄)ရက်နေ့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၊စီမံဌာနတွင် ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၁၀။ သတ်မှတ်ရက်ထက်နောက်ကျမှ ရောက်လာသောလျှောက်လွှာများ၊ အရည်အချင်းသတ်မှတ် ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ အထောက်အထားမပြည့်စုံသော လျှောက်လွှာများ ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်ပါမည်။

၁၁။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း ၊တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်(မူရင်း) ၊ ဘွဲ့လက်မှတ်(မူရင်း)များပါရှိရမည်ဖြစ်ပြီး၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့်ရမည် မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်၊၀၆၇-၃၄၁၄၈၁၈ သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**